# အမ်မီလီရာ၏ မိတ်ဆွေသစ်

**By Francesco Dragas, Moldolva**



ယနေ့ တစ်စုံတစ်ယောက်သည် သူ့အား ဂရုပြုမိမည်လားဟူ၍ အမ်မီလီရာသည် တွေးတော နေမိပါသည်။ မကြာမီ ဆောင်းရာသီ ကျရောက်လာပေတော့မည်။ ငါးဒေါ်လာထက် လျော့နည်းသော သူမ၏ ပင်စင်ငွေအနည်းငယ်ဖြင့် လုံလောက်ဖို့ ဆိုသည်မှာ များစွာ ခဲယဉ်းပါသည်။

အခြေအနေကောင်းချိန်များက အမ်မီလီရာသည် သူနာပြုဆရာမတစ်ယောက်ဖြစ်ခဲ့ပါသည်။ သူမ၏ တိုင်းပြည်သည် ကွန်မြူနစ် တိုင်းပြည်ဖြစ်ခဲ့သော်လည်း သူမ၏ ဘဝမှာ ကောင်းမွန်ခဲ့ပါသည်။ သူမ၌ ငွေကြေးလုံလောက်စွာ ရှိခဲ့ပါသည်။ ကုန်ဈေးနှုန်းမှာလည်း နိမ့်နေခဲ့ပါသည်။လူအများကလည်း သူမအပေါ် လေးစားမှု ရှိခဲ့ကြပါသည်။ သူတို့သည် သူမအား စကားပြောဆိုလိုကြပါသည်။သူတို့ကို ကူညီသော သူနာပြုဆရာမ ဖြစ်သောကြောင့်လည်း ကျေးဇူးတင်ကြပါသည်။

ယခု သူမ အိုမင်းလာပြီး ရောဂါကြောင့် အိပ်ယာမှ မထနိုင်သော အစ်မကြီးမှလွဲ၍ သူမအနားမှာမည်သူမျှမရှိပါ။ သူမသည်အဆင့်အတန်းမြင့်သည့် ဆိုင်တစ်ဆိုင်ရှေ့တွင် တစ်နေ့လုံး မတ်တပ်ရပ်ပြီး တစ်စုံတစ်ယောက်မှကြင်နာမှုဖြင့် ငွေအနည်းငယ်မစရန်စောင့်နေရမည်ဖြစ်ကာ နှစ်ယောက်စာအတွက်တောင်းရမ်းရပေတော့မည်။ ပြီးခဲ့သည့်ဆောင်းရာသီက သူမသည်ဆာလောင်ငတ်မွတ်၍သေဆုံးတော့မည်ဟု တွေးထင်ခဲ့ပါသည်။

ယခု လာမည့်ဆောင်းတွင်းတွင် အခြေအနေပို၍ ကောင်းလာပါမည်လား?

အမ်မီလီရာသည် ဤအရာများကို စဉ်းစားနေစဉ် လက်ထဲတွင် ငွေကိုင်ထားသည့် ကောင်လေးတစ်ဦးကိုသော်၎င်း သူ့နောက်ခပ်လှမ်းလှမ်းမှ လိုက်လာသည့် အမျိုးသမီးငယ်တစ်ဦး သူမထံလာနေသည်ကို၎င်း သတိမပြုမိပေ။ (၃)နှစ်သားအရွယ် အင်မယ်နယူရယ်သည် သူမကို ငွေပေးချင်နေပါသည်။ အဘယ်ကြောင့်ဆိုသော ရီဘက်ကာဟူသော အမျိုးသမီးငယ်က ထိုအဖွားကြီးသည် အလွန်ဆင်းရဲပြီး သူတို့၏ အကူအညီ လိုအပ်သည်ဟု သူ့အား ပြောပြခဲ့သောကြောင့်ဖြစ်သည်။

ရီဘက်ကာက အင်မယ်နယူရယ်အား "မင်းမှာ သူ့ကို တစ်ခြားပေးစရာ ရှိသေးလား"ဟု လည်း ပြောပါသည်။ "ငွေထက်ပိုပြီး အရေးကြီးတဲ့အရာပေါ့။ မင်းသူ့ကို ခရစ်တော်ကို ပေးနိုင်တယ်လေ"။ အင်မယ်နယူရယ်သည် သူ့ကို ခရစ်တော်က ချစ်ကြောင်းကိုလည်း သူသိပါသည်။

သူသည် ထိုအမျိုးသမီးကြီးကို ယခင်က မတွေ့ဘူးသော်လည်း သူမကို ကြည့်ရသည်မှာ သဘောကောင်းမည့်ပုံရပါသည်။ သူသည် ကူညီမစမှု ပြုနိုင်သည့်အတွက် စိတ်လှုပ်ရှားနေပါသည်။

သူမအား ငွေကို ပေးပြီးနောက် "ကျွန်တော်ပြောသလိုလိုက်ပြောနော်"ဟု သူမအား ပြောပါသည်။ "သခင်ယေရှု ကျွန်ုပ်နှလုံးသားအတွင်းသို့ ကြွတော်မူပါ"

ထိုကောင်လေးသည် သူမအား ငွေပေးပြီး သူမနှင့် အတူတကွ ဆုတောင်းလိုသည့်အတွက် သူမသည် အလွန်အံ့အား သင့်သွားခဲ့ပြီး စဉ်းစားရန် အချိန်မရလိုက်မီ အင်မယ်နယူရယ်၏ ဆုတောင်းချက်တိုကလေးအား သူမသည် လိုက်ဆိုနေမိသည်ကို ကြားနေမိပါသည်။ သို့သော် ထိုနောက်ပိုင်းတွင် အထူးဆန်းဆုံးသောအရာ ဖြစ်ပျက်ခဲ့သည်။ ချက်ချင်းဆိုသလိုပင် သူမသည် အကောင်းမြင်သည့် စိတ်သဘောများ ပိုမို ခံစားလာရပါသည်။ သူမသည် မိမိအားချစ်သည့် မေတ္တာကို ခံစားခဲ့ရပါသည်။

အင်မယ်နယူရယ်သည် ကလေးများ ပျော်မြူးသည့်အခါ ဖြစ်ပေါ်လာသည့် စိတ်လှုပ်ရှားမှုမျိုးကို ခံစားခဲ့ရပါသည်။ သူသည် သူ၏ မိဘများက အခြားသူများနှင့်အတူ သခင်ယေရှုကို တွေ့ရှိရန် ဆုတောင်းခြင်းကို စောင့်ကြည့်ခဲ့ဘူးပါသည်။ သို့သော် သူကိုယ်တိုင် ဦးဆောင် လမ်းပြရခြင်းသည် ဤတစ်ကြိမ်က ပထမဆုံးအကြိမ်ပင်ဖြစ်သည်။

အမ်မီလီရာသည် အင်မယ်နယူရယ်နှင့် ရီဘက်ကာတို့ကို ပို၍ သိကျွမ်းလိုသောကြောင့် သူတို့အား သူမ၏ အညတရ တိုက်ခန်းသို့ ဖိတ်ခေါ်ပြီး သူတို့အတွက် တစ်ခုခု ချက်ပြုတ်ကျွေးမွေးလိုကြောင်း တောင်းဆိုခဲ့ပါသည်။ သူတို့သည် မိတ်ဆွေကောင်းများ ဖြစ်လာကြပါသည်။

အင်မယ်နယူရယ်သည် မကြာခဏဆိုသလို အမ်မီလီရာထံ သွားရောက်လည်ပတ်ခဲ့ပါသည်။ တစ်ခါတစ်ရံ ရီဘက်ကာနှင့်အတူ သွားပြီး တစ်ခါတစ်ရံ၌မူ သူ့မိခင် ပရီစေးလာနှင့်အတူသွားပါသည်။ သွားသည့်အခါတိုင်း သူတို့သည် အမ်မီလီရာနှင့် သူမ၏ အစ်မတို့အတွက် အစားအသောက်နှင့် ငွေအနည်းငယ်ကို ယူသွားပေးပါသည်။ သွားသည့်အကြိမ်တိုင်း သူတို့၏ မိတ်ဆွေသစ်များနှင့်အတူ ခရစ်တော်အကြောင်းပြောဆိုပြီး ဆုတောင်းကြပါသည်။ ယခုအခါခရစ်တော်သည် အမ်မီလီရာအတွက် အကောင်းဆုံးမိတ်ဆွေ ဖြစ်နေပါပြီ။

ဤလာမည့်ဆောင်းရာသီသည် ပို၍ အခြေအနေကောင်းမွန်လာပါလိမ့်မည်။

## လူတစ်ဦး လုပ်ဆောင်နိုင်တဲ့အရာ

*What One Person Can Do*

ဤအကြောင်းကို စဉ်းစားကြည့်မည်ဆိုလျှင် သင်၏ ဘဝသည် အကန့်အသတ်မရှိ၊ မည်မျှ အသုံးဝင်သည်ကို တွေ့ရပါလိမ့်မည်။ မိသားစု (**The Family** )တွင် ဧဝံဂေလိတရားဟောရန်နှင့် အခြားသူများအားမစရန် တိကျသော ရည်မှန်းချက်ပန်းတိုင် ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘဝအသက်တာ၌ အမြဲတမ်း ပေးကမ်းခြင်းပါဝင်သည်။ သို့သော် မည်သူမဆို မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ သူတို့သည် အမှန်တကယ် ဆန္ဒရှိပါက အသုံးဝင်သော အသက်တာဖြင့် ရှင်သန်နိုင်ပါလိမ့်မည်။

သင်သည် အကျည်းတန်သူများ (ချစ်စရာမကောင်းသူများ)ကို သင်၏မေတ္တာပြနိုင်သည်။ ကြင်နာမှုကို ပေးနိုင်သည်။ ဖော်ရွေမှုကို ပြပြီး အချင်းချင်း သဟာဇာတဖြစ်အောင် နေနိုင်သည့်အပြင် သူတစ်ပါးကို နားထောင်ပေးနိုင်သည်။ (သို့မဟုတ်) လိုအပ်သူများကို ကူညီပေးနိုင်ပါသည်။ သင်သည် အမြဲတမ်း ရွှင်ပြနေစေရန် အခြေအနေအရပ်ရပ်ကို အကောင်းမြင်သည့်ဘက်မှ ကြည့်နိုင်ရန်နှင့် သူတစ်ပါးအား ထိုအတိုင်းပြုဖို့ ကူညီရန် ဘုရားသခင်ထံမှ တောင်းခံနိုင်ပါသည်။

သင်သည် ဝေစာများ ဝေငှနိုင်သည်။ ဘုရားသခင်အကြောင်းနှင့် သူ၏ နှုတ်ကပတ်တော်အကြောင်း ပြောနိုင်သည်။ လိုအပ်သူများထံ လက်လှမ်း သွားရောက်နိုင်ပြီး သင်သွားသည့် မည်သည့်နေရာတွင်မဆို မေတ္တာနှင့် နားလည်မှုကို ပြသနိုင်သည်။ ဆန္ဒရှိသူ မည်သူမဆို ကမ္ဘာကြီးအတွင်း ခြားနားမှုကို အမှန်တကယ် လုပ်ဆောင်နိုင်ပြီး အခြားသူများအားလည်း ထိုအတိုင်းပြုရန် တွန်းအားပေးနိုင်ပါသည်။

**Maria David**